တရားမပုံစံအမှတ်-၄၉(ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၂၀၀ကျပ် K 200

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၂၀၀ကျပ် K 200

ကြည့်မြင်တိုင်မြို့နယ်တရားရုံး၌။

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၁၂)ရက် ။

၂၀၁၆ ခုနှစ် ၊ တရားမကြီးမှု အမှတ်-၂၁

**Dagon Beverages Co; Ltd** နှင့် ဦးကျော်မင်း

(၎င်း၏အခွင့်ရကိုယ်စားလှယ်လ/ထမန်နေဂျာ ဦးမျိုးသူရအောင်ကျော်)

(တရားလို) (တရားပြိုင်)

တရားလိုအတွက် ။ ။ ဒေါ်ဆွတ်ဆိုင်းပန် (အထက်တန်းရှေ့နေ)

တရားပြိုင်အတွက် ။ ။ ဦးဇော်မင်းနိုင် (တရားလွှတ်တော်ရှေ့နေ)

(မိတ္တူမှန်ကူးစာရေး)
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

## စီရင်ချက်

အမှုမှာ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း(၉)မိုင်နေ၊ စိုက်ပျိုးရေးဝင်း နေ **Dagon Beverages Co; Ltd**၏ကိုယ်စား လွှဲအပ်ခြင်းခံရသူ လ/ထမန်နေဂျာ ဦးမျိုးသူရအောင်ကျော်မှ ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာဆိပ်လမ်းနေ အာကာကျော်ဘီယာဆိုင်ပိုင်ရှင် ဦးကျော်မင်းအပေါ် ပန်ညာဉ်ဖောက်ဖျက်သည့်အတွက် ပရီမီယံကြေးငွေ၏ (၅)ဆ (၁၀၀၀၀၀၀၀/)(တစ်ဆယ်သိန်း)ကျပ် နစ်နာကြေးငွေ(၂၀၀၀၀၀၀၀/)(နှစ်ဆယ်သိန်း)ကျပ် စုစုပေါင်း(၃၀၀၀၀၀၀၀/)ကျပ် (သိန်းသုံးဆယ်) ကျပ်ရလိုမှုစွဲဆိုလာသောအမှုဖြစ်သည်။

တရားလို၏ဆိုလွှာတွင် တရားလိုကုမ္ပဏီသည် ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော မြန်မာနိုင်ငံသားများပိုင်ကုမ္ပဏီဖြစ်ပြီး ကုမ္ပဏီမှဖြန့်ချိသော ဒဂုံအမှတ်တံဆိပ်ပါ အဖျော်ရည်ယမကာအမျိုးမျိုးကို ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ချိလျှက်ရှိကြောင်း၊ တရားလို ကုမ္ပဏီမှထုတ်လုပ်ဖြန့်ချိသော ဒဂုံ၊ စကောလ်၊ စကောလ်စူပါစည်ဘီယာများကို ဈေးကွက်အတွင်းသို့ ဖြန့်ချိရောင်းချရာတွင် ဖောက်သည်များသို့ စည်ဘီယာရောင်းချရာတွင်အသုံးပြုသော ပစ္စည်းကိရိယာများကို စာချုပ်စာတမ်းဖြင့် ပရီမီယံကြေး ယူပြီးငှားရမ်းထောက်ပံ့လျှက်ရှိကြောင်း၊

အခွင့်ရအာရာရှိ
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

တရားပြိုင်သည် တရားလိုကုမ္ပဏီမှထုတ်လုပ်သော စည်ဘီယာများကိုရောင်းချ၍ ကြောင်းကမ်းလှမ်းလာသဖြင့်(၂၄-၃-၂၀၁၁)ရက်နေ့တွင် ပထမသက်တမ်းကာလ "စည်ဘီယာရောင်းချခြင်းနှင့်ကုမ္ပဏီပိုင်ပစ္စည်း ကိရိယာများငှားရမ်းသုံးစွဲခြင်းဆိုင်ရာ နှစ်ဦးသဘောတူကတိစာချုပ် ချုပ်ဆိုပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ ပထမသက်တမ်းကာလကုန်ဆုံးပြီးနောက်(၃၀-၄-၂၀၁၄) စည်ဘီယာရောင်းချခြင်းနှင့် ကုမ္ပဏီပိုင်စက်ပစ္စည်းကိရိယာများ ငှားရမ်းသုံးစွဲခြင်းဆိုင်ရာနှစ်ဦးသဘောတူကတိစာချုပ်ကို ထပ်မံချုပ်ဆိုကာ(၃၀-၄-၂၀၁၄)ရက်နေ့မှ (၃၀-၄-၂၀၁၇)ရက်နေ့ထိ သက်တမ်းကာ[illegible]ဆက်လက်ဆောင်ရွက်ရန် ပဋိညာဉ်သစ်တစ်ရပ်ကို ထပ်မံပြုလုပ်ခဲ့ကြကြောင်း၊ တရားလို[illegible]မှတရားပြိုင်အား ဆိုင်အခင်းအကျင်းများကို ကုန်ကျခံပြင်ဆင်မွမ်းမံပေးခြင်း အခါအား[illegible]စွာရောင်းအားမြင့်တင်ခြင်း၊ ပရိုမိုးရှင်းများ၊ အပိုခံစားခွင့်များကို ခံစားခွင့်ပြုခဲ့ကြောင်း [illegible]ချုပ်သက်တမ်းကာလအတွင်း တရားပြိုင်သည် တရားလို နှင့်ချုပ်ဆိုခဲ့သော ပဋိညာဉ်ကိုတစ်ဖက်သတ်ဖောက်ဖျက်ကာ **(YOMA)**အမှတ်တံဆိပ် စည်ဘီယာကိုပြောင်းလဲ တပ်ဆင်ရောင်းချကာ စာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ခဲ့သည့်အတွက် တရားလိုတွင်နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်ကြောင်း၊ တရားလိုနှင့်တရားပြိုင်တို့ချုပ်ဆိုသည့် (၃၀-၄-၂၀၁၄)ရက်စွဲပါ "စည်ဘီယာရောင်းချခြင်းနှင့်ကုမ္ပဏီပိုင်စက်ပစ္စည်းကိရိယာများ ငှားရမ်းသုံးစွဲခြင်းဆိုင်ရာ နှစ်ဦးသဘောတူကတိစာချုပ်" အရ ပရီမီယံ ကြေးငွေ၏(၅)ဆဖြစ်သော ၁၀ ၀၀ ၀၀၀/ ကျပ် (တစ်ဆယ်သိန်း)ကျပ်တိတိကို တရားပြိုင်မှပေးလျော်ရန်တာဝန်ရှိကြောင်း၊ ထို့ပြင် တရားလိုကုမ္ပဏီ၏နစ်နာဆုံးရှုံးမှုအတွက် နစ်နာကြေးငွေအဖြစ် ၂၀ ၀၀ ၀၀၀/ ကျပ် (ကျပ်သိန်းနှစ်ဆယ်တိတိ)ကျပ်ကို တရားလိုမှ ရရှိလိုသဖြင့် စုစုပေါင်း ၃၀ ၀၀ ၀၀၀/(ကျပ်သုံးဆယ်တိတိ)ကျပ်ကို တရားလိုမှ ရရှိရန်အတွက်တရားစွဲဆိုခွင့်ရှိသည့်အပြင် အနိုင်ဒီကရီကိုလည်း ရထိုက်ကြောင်း၊

တား၊ဝန်ခံမိတ္တူမှန်

တရားပြိုင်ဘက်မှ ပဋိညာဉ်ဖောက်ဖျက်ခဲ့သည့်အပေါ် တရားလိုနှင့်တရားပြိုင်တို့သည် နှစ်ဘက်တွေ့ဆုံပြီး ဖြေရှင်းကြရာတွင် တရားပြိုင်မှာလိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် တရားလို၏ ရှေ့နေမှ (၃၀-၅-၂၀၁၆)ရက်နေ့တွင် အသိပေးအကြောင်းကြားစာ (နို့တစ်)စာပေးပို့ခဲ့သော်လည်း တရားပြိုင်ဘက်မှ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊

(မိတ္တူကူးစာရေး)
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

ထို့ကြောင့်တရားစွဲဆိုရန်အကြောင်းသည် တရားပြိုင်ဘက်မှ ပဋိညာဉ်ကိုချိုးဖောက်ပြီး **(YOMA)**အမှတ်တံဆိပ်ဘီယာအား ပြောင်းလဲရောင်းချကြောင်း တရားလိုမှသိရှိသည့် (၃၀-၅-၂၀၁၆)ရက်နေ့နှင့်အကြောင်းကြားစာအရ သတ်မှတ်ထားသည့်(၁၄-၆-၂၀၁၆)ရက်နေ့များတွင် တရားစွဲရန် အကြောင်းပေါ်ပေါက်လာပါကြောင်း၊ စီရင်ပိုင်ခွင့်အလို့ငှာ တရားလိုနှင့်တရားပြိုင်တို့သည် ပဋိညာဉ်စာချုပ်ကိုချုပ်ဆိုခဲ့ကြသည့် ကြည့်မြင်တိုင်မြို့နယ်တွင်လည်းကောင်း၊ တရားပြိုင်စီးပွားရေး လုပ်ကိုင်ရာအာကာကျော်ဘီယာဆိုင်သည် ကြည့်မြင်တိုင်မြို့နယ်တွင် တည်ရှိ၍ လည်းကောင်း ယခုရုံးတော်၏စီရင်ပိုင်ခွင့်အတွင်းကျရောက်ကြောင်း၊

စစ်ဆေးပြီးမှန်ကန်ကြောင်း
ဘာဝန်ယူသည်။

အမှုတန်ဖိုးအလို့ငှာ ပရီမီယံကြေး၏(၅)ဆ ၁၀ ၀၀ ၀၀၀/(ကျပ်တစ်ဆယ်သိန်း)ကျပ်တိတိနှင့်နစ်နာကြေးငွေ ၂၀ ၀၀ ၀၀၀/ (ကျပ်နှစ်ဆယ်သိန်း)ကျပ်တိတိ စုစုပေါင်း ၃၀ ၀၀ ၀၀၀/ (သိန်းသုံးဆယ်ကျပ်)တိတိ အတွက် ရုံးခွန် (၁၅၀၀၀/)ကျပ်ကို တင်သွင်းထမ်းဆောင်ကြောင်း၊ သို့ဖြစ်၍ တရားလိုလျှောက်ထားသည့်အတိုင်း အနိုင်ဒီဂရီကို စရိတ်နှင့်တကွချမှတ်ပေးရန် ဆိုလွှာတင်သွင်းသည်။

တရားပြိုင်၏ချေလွှာတွင် အဆိုလွှာအပိုဒ်(၁)မှာတရားလိုကုမ္ပဏီ၏ ဆောင်ရွက်ချက်သာဖြစ်၍ ငြင်းဆိုရန်မရှိကြောင်း၊ အဆိုလွှာအပိုဒ်(၂)မှာလည်းငြင်းဆိုရန်မရှိကြောင်း၊ အဆိုလွှာအပိုဒ်

အခွင့်ရအရာရှိ
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

(၃)မှာလုံးဝမမှန်ငြင်းဆိုကြောင်း၊ (၃၀-၄-၂၀၁၄)ရက်စွဲပါ စည်ဘီယာရောင်းချခြင်းနှင့် ကုမ္ပဏီပိုင်စက်ကိရိယာများငှားရမ်းသုံးစွဲခြင်းဆိုင်ရာ နှစ်ဦးသဘောတူကတိစာချုပ်ကို တရားပြိုင် နှင့် ထပ်မံချုပ်ဆိုခဲ့ခြင်း မရှိသလို ယင်းစာချုပ်မှာလည်း တရားပြိုင်လက်ဝယ်၌မရှိကြောင်း၊ မည်သည့်ပြင်ဆင်မှုမှုလည်း မပြုလုပ်ခဲ့သလို ကုန်ကျစရိတ်လည်းမရှိခဲ့ကြောင်း၊ မည်သည့်အပိုခံစားခွင့်မှုလည်း မရှိကြောင်း၊ အဆိုလွှာအပိုဒ်(၄)မှန်ကန်မှုမရှိသဖြင့် ငြင်းထန်စွာ ငြင်းဆိုပါကြောင်း၊ ပထမစာချုပ်သက်တမ်းကာလအတွင်း တရားပြိုင်သည် တရားလိုနှင့်ချုပ်ဆိုခဲ့သော စာချုပ်သက်တမ်းအတွင်းတရားပြိုင်အနေနှင့်ပဋိညာဉ်ကိုတစ်ဖက်သတ်ဖောက်ဖျက်ခဲ့ခြင်းမရှိကြောင်း၊ ဒုတိယစာချုပ်မှာ တရားလိုနှင့် တရားပြိုင်တို့ စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိသဖြင့် တရားလိုနှင့် စာချုပ်မရှိ၍ **(YOMA)** အမှတ်တံဆိပ်ပါ စည်ဘီယာရောင်းချခြင်းသည် တရားလိုအဖို့ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ရန် အကြောင်းမရှိကြောင်း၊ အဆိုလွှာအပိုဒ်(၅)မှာမမှန်ကန်သဖြင့် ငြင်းဆိုကြောင်း၊ တရားလိုနှင့်တရားပြိုင်တို့ချုပ်ဆိုသည်ဆိုသော (၃၀-၄-၂၀၁၄)ရက်စွဲပါ စာချုပ်များချုပ်ဆိုခဲ့ခြင်းမရှိသလို တရားပြိုင်ထံ၌လည်း ယင်းစာချုပ်မရှိကြောင်း၊ ပရီမီယံကြေးငွေ၏ (၅)ဆ ၁၀ ၀၀ ၀၀၀/-(တစ်ဆယ်သိန်း)ကျပ်နှင့် နစ်နာကြေးငွေအဖြစ် (သိန်းနှစ်ဆယ်)ကျပ် စုစုပေါင်း(၃၀ ၀၀ ၀၀၀/-)ကျပ် (သိန်းသုံးဆယ်)ကျပ် တရားစွဲဆိုခွင့်မရှိသလို အနိုင်ဒီဂရီလည်း ရထိုက်ခွင့်မရှိကြောင်း၊ အဆိုလွှာအပိုဒ်(၆)မှာမမှန်ကန်သဖြင့် ငြင်းထန်စွာငြင်းဆိုကြောင်း၊ (၃၀-၅-၂၀၁၆)ရက်စွဲပါ အကြောင်းကြားစာသည် မှန်ကန်ခြင်းမရှိ၍ တရားပြိုင်အနေဖြင့် လိုက်နာဆောင်ရွက်ရန် အကြောင်းမရှိကြောင်း၊ အဆိုလွှာအပိုဒ်(၇)ကိုလည်း ငြင်းဆိုကြောင်း၊ (၃၀-၄-၂၀၁၄)ရက်စွဲပါ စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိပါသဖြင့် မမှန်ကန်သော စာချုပ်အပေါ်အခြေခံ၍ တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ကြောင်း၊ အဆိုလွှာအပိုဒ်(၈)ကိုလည်း ငြင်းဆိုကြောင်း၊ တရားစွဲဆိုရန်အကြောင်းမပေပေါ်ပေါက်သဖြင့် စီရင်ပိုင်ခွင့်အတွင်းကျရောက်သည်မှာ မမှန်ကန်ကြောင်း၊ အဆိုလွှာအပိုဒ်(၉)မှာ ဥပဒေဆိုင်ရာ အချက်ဖြစ်၍ ငြင်းဆိုရန်မရှိကြောင်း၊ သို့ဖြစ်၍ တရားလို၏ဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ပေးရန် ရှိသေစွာ ချေပလွှာတင်သွင်းသည်။

တာဝန်ခံမိတ္တူမှန်

(မိတ္တူကူးစာရေး)
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

နှစ်ဖက်အဆိုအချေများအရ ရုံးတော်မှအောက်ပါ ငြင်းချက်များကို ထုတ်နုတ်ခဲ့သည်၊

တရားလိုနှင့်တရားပြိုင်တို့ ချုပ်ဆိုသည့် (၃၀-၄-၂၀၁၄)ရက်စွဲပါ စည်ဘီယာရောင်းချခြင်း နှင့် ကုမ္ပဏီပိုင်စက်ပစ္စည်း ကိရိယာများ ငှားရမ်းခြင်းသုံးစွဲခြင်းဆိုင်ရာ နှစ်ဦးသဘောတူ ကတိစာချုပ်အရ ပရီမီယံကြေးငွေ၏ (၅)ဆဖြစ်သော ၁၀ ၀၀ ၀၀၀/-(တစ်ဆယ်သိန်း ကျပ်)တိတိနှင့် တရားလိုကုမ္ပဏီ၏နစ်နာဆုံးရှုံးမှုအတွက် နစ်နာကြေးငွေအဖြစ် ၂၀ ၀၀ ၀၀၀/-(နှစ်ဆယ်သိန်း)ကျပ်တိတိ စုစုပေါင်း ၃၀

၀၀ ၀၀၀/-(သိန်းသုံးဆယ်)ကျပ်တိတိကို တရားပြိုင်ထံမှ တရားလိုကရရန်ရှိသည်မှာ မှန်သလား။

၂။ တရားလိုသည် မည်သည့် သက်သာခွင့်ရထိုက်သနည်း။

ဟူသောအထက်ပါငြင်းချက်(၂)ရပ်ကို ထုတ်နုတ်ခဲ့သည်။

စစ်ဆေးပြီးမှန်ကန်ကြောင်း၊
တာဝန်ခံစာရေး

ငြင်းချက်(၁)

တရားလို ဦးမျိုးသူရအောင်ကျော်မှ တရားပြိုင်ဦးကျော်မင်းအား ပဋိညာဉ်ဖောက်ဖျက်သည့်အတွက် ပရီမီယံကြေးငွေ၏(၅)ဆ တစ်ဆယ်သိန်းနှင့် နစ်နာကြေးငွေသိန်းနှစ်ဆယ် စုစုပေါင်း သိန်းသုံးဆယ်ရလိုမှု တရားစွဲဆိုထားရာ တရားလိုဦးမျိုးသူရအောင်ကျော်က ဆိုလွှာပါအတိုင်းထွက်ဆိုထားပြီး တရားလိုဦးမျိုးသူရအောင်ကျော်(လိုပြ-၁)၏ထွက်ဆိုချက်ကို ဦးချမ်းမင်းအောင်(လိုပြ-၂)၊ ဦးမျိုးမင်းဌေး(လိုပြ-၃)၊ မောင်ခွန်ဇော်ထက်(လိုပြ-၃)၊ ဦးဇေယျာမြင့်(လိုပြ-၄)၊ ဖြိုးမောင်မောင်(လိုပြ-၆)၊ ပြည့်ဖြိုးအောင်(လိုပြ-၇)၊ ဦးဇော်ဝင်းနိုင်(လိုပြ-၇)တို့က ထောက်ခံထွက်ဆိုထားသည်။ တရားလို၏

ထို့ကြောင့် ယခုအမှုတွင်လည်း အထက်ပါသုံးသပ်တွေ့ရှိချက်များအရ တရားလိုသည် တရားပြိုင်ထံမှ (၃၀-၄-၂၀၁၄)ရက်စွဲပါ စည်ဘီယာရောင်းချခြင်းနှင့်ကုမ္ပဏီပိုင်စက်ပစ္စည်းကိရိယာ များ ငှားရမ်းခြင်းဆိုင်ရာ နှစ်ဦးသဘောတူ ကတိစာချုပ်အရ ပရီမီယံကြေးငွေ၏(၅)ဆဖြစ်သော (၁၀ ၀၀ ၀၀၀ိ/)ကျပ် (တစ်ဆယ်သိန်း)ကျပ်အား ရထိုက်ခွင့်ရှိပြီး နစ်နာကြေးငွေ(၂၀ ၀၀ ၀၀၀ိ/)ကျပ် (သိန်းနှစ်ဆယ်)ကျပ်အား ရထိုက်ခွင့်မရှိကြောင်း ငြင်းချက်(၁)အား ဖြေဆိုလိုက်သည်။

ငြင်းချက်(၂)

အထက်ဖော်ပြပါ သုံးသပ်တွေ့ရှိချက်များအရ တရားလိုသည်တရားပြိုင်ထံမှ (၃၀-၄-၂၀၁၄)ရက်စွဲပါ စည်ဘီယာရောင်းချခြင်းနှင့် ကုမ္ပဏီပိုင်စက်ပစ္စည်းကိရိယာများ ငှားရမ်းခြင်းဆိုင်ရာ နှစ်ဦးသဘောတူ ကတိစာချုပ်အရ ပရီမီယံကြေးငွေ၏ငါးဆဖြစ်သော (၁၀ ၀၀ ၀၀၀ိ/)ကျပ် (တစ်ဆယ်သိန်း)ကျပ်အား တရားပြိုင်ထံမှ ရထိုက်ခွင့်ရှိကြောင်း ငြင်းချက်(၂)အားဖြေဆိုလိုက်သည်။

ရှေ့နေခ(၁၀၀၀ိ/)ကျပ် သတ်မှတ်သည်။

မှန်ကန်ကြောင်းမိတ္တူမှန်

(မိတ္တူကူးစာရေး)
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

အခွင့်ရအရာရှိ
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

(မြို့နယ်တရားသူကြီး)